# ကျောက်ကမ်းဖဲကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောက်ကမ်းဖဲကျေးရွာ၊ ပုလောမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **ကျောက်ကမ်းဖဲကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာ စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**မတ်လ၊ ၂၀၂၃** | **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကျောက်ကမ်းဖဲကျေးရွာ**

**ပုလောမြို့နယ်**

## ကျောက်ကမ်းဖဲကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



## ကျောက်ကမ်းဖဲကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



## ကျောက်ကမ်းဖဲကျေးရွာ၏ ကျေးရွာတွင်း/ပြင် အဖွဲ့အစည်းချိတ်ဆက်မှု အခြေအနေ




## ဥစ္စာဓနအဆင့် သတ်မှတ်ချက် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၄ | ၂၂ | ၃၀ | ၁၉ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျောက်ကမ်းဖဲကျေးရွာသည် ဇရပ်ဆိပ်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ ကျောက်ကမ်းဖဲ ကျေးရွာသည် တနင်္သာရီကမ်းရိုးတန်းနံဘေးရှိ မြိတ်မြို့နှင့် မိုင်(၁၈)အကွာတွင် တည်ရှိပါသည်။ အနောက်ဘက်တွင် ကျောက္ကာကျေးရွာသို့ ရေလမ်းခရီး ဖြင့် ဆက်သွယ်ထားပါသည်။ အရှေ့ဘက်တွင် ဇရပ်ဆိပ်ကျေးရွာ၊ တောင်ဘက်တွင် မြိတ်မြို့ နှင့်မြောက်ဘက်တွင် ပလမြို့တည်ရှိပြီး လမ်းပမ်းဆက်သွယ်ရေးသည် ကုန်လမ်းဖြစ်ပါသဖြင့် သွားလာရလွယ်ကူပါသည်။ ကျောက်ကမ်းဖဲကျေးရွာသည် ပင်လယ်ရေမျက်နှာပြင် အထက် ပျမ်းမျှပေ (၃၀)အထက်တွင် တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျောက်ကမ်းဖဲကျေးရွာအုပ်စုသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံး ပူချိန် (၃၇.၄) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၇.၄) ဒီဂရီစင်တီဂရိတ် ဖြစ်ပါ သည်။ ကျောက်ကမ်းဖဲကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ ( ၁၉၄.၄၈ ) လက်မဖြစ်ပြီး၊ အနိမ့်ဆုံး မိုးရေချိန် မှာ ( ၁၁၉.၈၂ ) လက်မဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ အရင်းအမြစ်များမထွက်ရှိပါ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များလည်း မထွက်ရှိပါ။ ကျေးရွာ ပတ်ဝန်းကျင်တွင် ဆေးဖက်ဝင်အပင်မျိုးများ အနည်းငယ်တွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျောက်ကမ်းဖဲကျေးရွာတွင် အိမ်ထောင်စုပေါင်း (၇၅) အိမ်ရှိပြီး လူဦးရေပေါင်း (၄၀၆)ဦးရှိပါသည်။ ကျောက်ကမ်းဖဲကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့်တိုးတက်မှု အသင့် အတင့်ရှိနေသော ရွာတစ်ရွာပင်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘုံနန်းလူငယ် အဖွဲ့ (သင်္ကြန်)အဖွဲ့၊ ဓမ္မကာရီအဖွဲ့(ဗုဒ္ဓဘာသာ)၊ ရပ်မိရပ်ဖအဖွဲ့၊ ကာလသား/ သမီးအဖွဲ့၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် Vision Fund, အမျိုးသမီးစွမ်းအားမြှင့်တင်ရေးအဖွဲ့ များရှိပါ သည်။ Vision Fund မှ ပိုင်ဆိုင်မှုပြ၍ ချေးငွေများရရှိပြီး အမျိုးသမီးစွမ်းဆောင် ရည်မြှင့်တင်ရေးအဖွဲ့မှ ကျေးရွာသူ/သားများမှ (၁)ပတ် မတည်ငွေ ၁၀၀၀ ကျပ် စု၍ အနည်း

ဆိုး ၅၀၀၀၀ ကျပ် ပြန်လည်ချေးယူရရှိပါသည်။ အတိုး(၂)ကျပ်နှင့် အရစ်ကျပြန်လည်ပေးဆပ်ရပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကျောက်ကမ်းဖဲကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၀၀) ဧက၊ ဥယျာဉ်ခြံမြေ (၃၀၀) ဧက၊ စုစုပေါင်း (၅၀၀)ဧက နှင့် ဓနိတော(၃၀)ဧက ရှိပါသည်။ ကျောက်ကမ်းဖဲကျေးရွာတွင် စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင် မိုးရေကို အဓိက အားထားစိုက်ပျိုးကြပါသည်။ ရေမြေရာသီဥတု အနေအထားအပေါ် မူတည်၍ အထွက်နှုန်းအနည်းငယ် အပြောင်းအလဲရှိနိုင်ပါသည်။ အထွက်နှုန်းတိုးမြင့်ရန်နှင့် အရည်အသွေးကောင်းစပါးထွက်ကုန်များ ရရှိနိုင်ရန် လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ ထည့်သွင်းရန် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိနိုင်ခြင်းစသည့် အခွင့်အလမ်းများက စပါးတိုးမြှင့် ထုတ်လုပ်နိုင်ရန် အခြေအနေကောင်းများ ဖြစ်ပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် လယ်ယာမြေ တိုးချဲ့နိုင်ခြင်း မရှိပါ။ ပိုးမွှားကျခြင်း၊ ဖျက်ပိုးကျ ခြင်းတို့ကြောင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းပညာဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ ချိတ်ဆက်ပြုလုပ်ရန်လိုအပ်နေပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် လယ်ယာလုပ်ငန်းတွင် ထွန်စက်ငှါးရမ်း လုပ်ကိုင်ကြပါသည်။ စပါးရိတ်သိမ်းချိန်တွင်ရိတ်သိမ်းစက်များ ငှါးရမ်းအသုံးပြုရသဖြင့် နှောင်နှေးမှုများကြုံရပါသည်။ စပါးစိုက်ပျိုးခ (၁) ဧကလျှင် (၁၀) တောင်း ရရှိပါသည်။ တချို့ လုပ်သားများသည် ငွေကြေးဖြင့်လုပ်ကိုင်ကြပါသည်။ အလုပ်သမားဈေးနှုန်းကြီးမြင့်ခြင်းကြောင့် စပါးကို ကြဲပက်သည့်စနစ်ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိသောချေးငွေမှာ ထွန်ယက်ခြင်းနှင့် စိုက်ပျိုးစရိတ်အထိ အထောက်အကူပြုပါသည်။ ရိတ်သိမ်းချိန်တွင်လည်း ရိတ်သိမ်းခြွေလှေ့စက်များ ငှါးရမ်း အသုံးပြုကြပါသည်။ ထို့ကြောင့် နှောင့်နှေးကြန့်ကြာမှု များရှိနေပါသဖြင့် လယ်ယာသုံးကိရိယာများ အရစ်ကျစနစ်ဖြင့် ဝယ်ယူခွင့်ရရှိရန် လိုအပ်နေပါသည်။

**(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း**

ကျောက်ကမ်းဖဲကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးပြုလုပ်သည့် အိမ်ထောင်စု အနည်းငယ်မျှသာရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ရေလုပ်ငန်ငါးဖမ်းခြင်း လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်နှင့် တံငါလုပ်သားများသည် မိမိ ကျေးရွာ(သို့မဟုတ်) မြိတ်၊ ရန်ကုန်တို့တွင် ( ၆ )လကြာ ဝါတန်း လိုက်ကြပါသည်။

တစ်ပိုင်တစ်နိုင် ဝက်/ကြက်မွေးမြူရေးကိုသာ အဓိကအားထားလုပ်ကိုင်ကြပြီး အများစု မှာ ဒေသမျိုးများကိုသာ မွေးမြူကြပါသည်။ စီးပွါးဖြစ်မွေးမြူမည်ဆိုပါက တိရိစ္ဆာန် ရောဂါကျ ရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာသိရှိမှုများ အားနည်းပြီး မွေးမြူရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများပုံမှန်မရရှိပေ။ ရေသယံဇာတရှားပါး လာသည့်အတွက် ယခင်ကာလ များနှင့် နှိုင်းစာလျှင် ဝင်ငွေရရှိမှု လျော့နည်းလာပါသည်။ ကမ်းဝေးဝါလက် ဖမ်းဆီးသူများ သည် ကမ်းနီးတွင်လာရောက်ဖမ်းယူမှုများကို တားမြစ်ထိန်းချုပ်မှုများ လုပ်ဆောင်ပေးစေလို ကြပါသည်။ ချောင်းအတွင်း ငါးမွေးမြူရေး လုပ်ကိုင်နိုင်ရန်အတွက် နည်းပညာများလည်း သိလိုကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျောက်ကမ်းဖဲကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ကိုင် နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေး စား၊ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့် လိုက် လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ ဝန်ဆောင်မှုများမရှိခြင်း တို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံခြားတို့တွင် လုပ်ကိုင် သူများလည်းရှိပါသည်။ ထို့ကြောင့် ကျေးရွာရှိလူငယ်များ မိမိတို့ကျေးရွာ၌ပင် လက်မှု ပညာများ တတ်မြောက်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရေး အသက်မွေးဝမ်း ကျောင်းပညာ (အပ်ချုပ်၊ အလှပြင်၊ ဆိုင်ကယ်ပြင်၊ ဖာထိုးပန်းထိုး)သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ် နေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျောက်ကမ်းဖဲကျေးရွာတွင် လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည်ပေးဆပ်ရသည့် ချေးငွေကို ရရှိပါသည်။ သို့သော် လည်း ချေးငွေကာလတိုပြီး လုံလောက်သော ချေးငွေများမရသည်ကလည်း လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများ ဖြစ်နေသဖြင့် ကာလရှည်ချေးငွေများ ရရှိလိုကြပါသည်။ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင်ငွေချေးသူ(၁၇) ဦးရှိပါသည်။ စိုက်/ ဘဏ်ချေးငွေသည် (၁) ဧကလျှင် ( ၁၅၀၀၀၀ ) နှုန်းသာရရှိပြီး (၁)ဧက စိုက်ပျိုးရေးကုန်ကျစရိတ် အပြီးအစီးမှာ (၂၀၀၀၀၀)ခန့် ကုန်ကျပါသည်။ ထို့အပြင် ချေးငွေပြန်ဆပ်ရမည့်ကာလဖြစ်ပါက စိတ်ကြိုက်ဈေးနှုန်းမရရှိဘဲ ရောင်းချရခြင်း၊ အခြားမှငွေချေးယူ၍ ပြန်ဆပ်ရသည့် အခက်အခဲများကြုံရသဖြင့် ကာလရှည် ချေးငွေများ ရရှိရန်လိုအပ်နေပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျောက်ကမ်းဖဲကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးမှာ ကျောင်းသား/ သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စ နှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြပါသည်။ လှေ၊ စက်လှေ (၂၀) စီးရှိပြီး ငါးဖမ်းလုပ်ငန်း အတွက် အဓိက အသုံးချလုပ်ဆောင်ကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၉၀) စီးရှိပါသည်။ ထော်လာဂျီ(၂)စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင်၎င်းတို့အား အဓိကအသုံးပြုကြပါသည်။ ကျောက်ကမ်းဖဲကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကိုသာ အဓိကထားအသုံးပြုကြပါသည်။ တချို့အိမ်ထောင်စုများမှာ ဆိုင်ကယ်မပိုင်ဆိုင်ခြင်းမရှိသောကြောင့် အရေးပေါ်ပြဿနာဖြစ်ပါက အခက်အခဲများ ကြုံရပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် ချဉ်းကပ်လမ်းနှင့် ရွာတွင်းလမ်းမှာ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာနှစ် တွင်ကျေးလက်လမ်းဦးစီးဌာနမှကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ပါသည်။ ရွာချင်းဆက်လမ်း (၀/၆)မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် ချောင်းမှ ဥယျာဉ်သို့ ဆက်သွယ်ထားသော ဝါး

တံတား (၁)စင်း ရှိပါသည်။ ၎င်းတံတားမှာဝါးတံတားဖြစ်သောကြောင့် နှစ်စဉ်နှစ်တိုင်း ပြုပြင်မှုပြုလုပ်ရပြီး ခြေလျှင်အတွက်သာအသုံးပြုနိုင်ပါသည်။ ထို့ကြောင့် သစ်သားတံတား (သို့) ကွန်ကရစ်တံတား (၁၀၀၀)ပေ အဆင့်မြင့်တင်ရန် လိုအပ်လျက်ရှိပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျောက်ကမ်းဖဲကျေးရွာတွင် (၂၄)နာရီ မီးမရရှိနေပါသဖြင့် ဒီဇယ်အင်ဂျင်သုံးစွဲ သည့် အိမ်ထောင်စု (၁၅)စု ရှိပြီး ည (၆:၀၀)နာရီမှ ည(၉:၀၀)နာရီအထိသာသုံးစွဲရပြီး ငွေကြေး နှုန်းထားမှာ ယူနစ်အလိုက်မပေးချေရဘဲ တစ်လလျှင် ( ၁၂၀၀၀ ) ကျပ်နှုန်းဖြင့် ပေးဆောင်ရပါသည်။ စီးပွါးရေးအဆင်ပြေသည့် အိမ်ထောင်စုများမှာ ဖယောင်းတိုင်များဖြင့် အသုံးပြုကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျောက်ကမ်းဖဲကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၄၀) လုံး၊ ရေဒီယို (၁၀) လုံး၊ တီဗွီ (၅၀) လုံး၊ ဂြိုလ်တုစလောင်း (၅၀) လုံး စသည်တို့မှ ရရှိပါသည်။ သို့သော်လည်း ဖုန်းလိုင်းရရှိမှု အားနည်းသောကြောင့် သတင်းအချက်အလက် များကို အချိန်မီ မသိရှိရပါ။ ပလမြို့ ဖုန်းတာဝါတိုင် မှရရှိသောကြောင်း လိုင်းအားမကောင်းပါ။ ထို့ကြောင့် တာဝါတိုင်တစ်တိုင် တည်ဆောက်ရန်အတွက် သက်ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင် များနှင့် ချိတ်ဆက် တင်ပြလိုကြပါသည်။

**၆။ ပညာရေး**

ကျောက်ကမ်းဖဲကျေးရွာပိုင် အခြေခံပညာ မူလတန်းကျောင်း တွင် အခြေခံပညာရေး ကို သင်ကြားနိုင်ပါသည်။ အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် မူလတန်းအဆင့် ကျောင်းမနေသူမရှိသည့်အပြင် ဘာသာရေးအခြေပြုကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ လက်ရှိ မူလတန်းတက်ရောက် နေသူဦးရေမှာ (၆၈)ဦးရှိပါသည်။ အလယ်တန်း၊ အထက်တန်းအား ဇရပ်ဆိပ်ကျောင်းနှင့် ပလမြို့တို့တွင် စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် သွားရောက်တက်ကြရပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိ၍ မူလတန်းပညာ သင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး ဆရာ/မ (၆) ဦးမှ ပညာသင်ကြားပေးနေပါသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာရေးကို ဇရပ်ဆိပ်ကျေးရွာနှင့် ပလမြို့တို့တွင် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသို့ သွားရောက်သင်ကြားရပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိ၍ မူလတန်းပညာသင်ကြား ရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး ဆရာ/မ (၆) ဦးမှ ပညာသင် ကြားပေးနေပါသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာရေးကို (၃) မိုင်ခန့်သာဝေးသော ပလမြို့အလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်းများသို့ သွားရောက် သင်ကြားရပါသည်။ ပညာရေးအဆောက်အဦများမှာ ကွန်ကရစ်အကာနှင့် သွပ်မိုးဖြစ်သော်လည်း ဆေးအရောင်များမိန်နေသဖြင့် ဟောင်းသယောင်ရှိပြီး ကျောင်းတွင်း ပရိဘောဂများနှင့် စာရေး ထိုင်ခုံများလည်းလိုအပ်ပါသည်။ ကျောင်းသောက်သုံးရေအတွက် ဂါလံ(၂၀၀၀)ဆံ့ရေစုကန် (၁)ကန်လိုအပ်လျက်ရှိပါသည်။ကျောင်းသူ/သားများ ဘေးကင်းလုံခြုံရန် အတွက် ကျောင်းခြံ စည်းရိုး (၂၄၀၀)ပေ ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းဆောင် (၇၅'-၃၀') ကျောင်းဆောင် (၁)ဆောင်သာရှိသောကြောင့် ကျေဂျီကျောင်းသားများအတွက် သီးသန့်ကျောင်း ဆောင်(၁)ဆောင် လိုအပ်နေပါသည်။ ကျောင်းသုံးအိမ်သာ တည်ဆောက်ရန်လည်း လိုအပ်လျက်ရှိပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသော်လည်း ဆင်းရဲသော မိသားစုများမှာ မိသားစုအခက်အခဲကြောင့် ကျောင်းထွက်နှုန်း အနည်းငယ်မျှရှိပါသည်။ မိဘဆရာအသင်းမှာ ပူးပေါင်းပါဝင်မှု အသင့်အတင့် ကောင်းမွန်ပါသည်။ ကျောင်းကစားဆိုင်ရာပစ္စည်းများ ပစ္စည်းများမရှိပါ။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျောက်ကမ်းဖဲကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ဇရပ်ဆိပ်ကျေးရွာကျေးလက် ကျန်းမာရေးဌာနခွဲရှိ ဆရာ/မများမှ ကာကွယ်ဆေးများကို ကျေးရွာအရောက် နှစ်စဉ်နှစ်တိုင်း လာရောက်ထိုးနှံပေးပါသည်။ ကျောက်ကမ်းဖဲကျေးရွာနှင့် (၃)မိုင်ခန့်ဝေးသော ပလမြို့ပြည်သူ့ ဆေးရုံတွင် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများကို ကုသနိုင်ပါသည်။ အရေးပေါ်လူနာများကို ပုလောမြို့နယ်ပြည်သူ့ဆေးရုံနှင့် မြိတ်မြို့ပြည်သူ့ဆေးရုံးတွင် ကုသကြပါသည်။ လမ်းခရီး အဆင်ပြေသဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။

ကျောက်ကမ်းဖဲကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် စက်ရေတွင်း(၁) တွင်းရှိပြီး လက်တူးတွင်း(၄) တွင်းမှာ မိုးရာသီနှင့် ဆောင်ရာသီတို့တွင်သာအသုံးပြုရပြီး နွေရာသီတွင် ဘုန်းကြီးကျောင်းရေတွင်း မှ အသုံးပြုကြရသည်။ ကျောက်ကမ်းဖဲကျေးရွာတွင် ရေရှားပါး

သောကြောင့် အဝီစိတွင်းတူးဖော်၍ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ အထူးလိုအပ်နေပါသည်။

ကျောက်ကမ်းဖဲကျေးရွာတွင် ကျေးရွာတွင် သန့်ရှင်းသောအိမ်သာသုံးစွဲသည့် အိမ်ထောင်စု(၅၀) ရှိပါသည်။ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သော ရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်ဆန္ဒရှိကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျောက်ကမ်းဖဲကျေးရွာတွင်ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိ သော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်မည်ဆိုပါက သီးနှံဖျက်ပိုးနှင့် ပတ်သက်၍ အခက်အခဲများ လျော့နည်းနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစားအလိုက် ပြန်လည်အသုံးချခြင်းစသည့်စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကျေးရွာစွန့်ပစ်အမှိုက်စနစ်တကျစီမံခန့်ခွဲနိုင်ရေးစီမံချက်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျောက်ကမ်းဖဲကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။ လူငယ်များသည် နောင်တွင်လူကြီးဆိုသည့်အတိုင်း နည်းလမ်းမှန်စွာ ရပ်အကျိုးရွာအကျိုးကို အသိပညာပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်စေရန် ဗဟုသုတများရရှိနိုင်ပြီး ပညာအလင်းရရှိနိုင်ရန်အတွက် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပေးရန်လိုအပ်ပါသည်။

**နောက်ဆက်တွဲ(၁)**

| No. | Sector | Subsector | Project & Activities | Project Priority |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေးအဆင့် |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် ရေပေးဝေရေး | ရေပိုက်သွယ်တန်းခြင်း | ပထမ |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးရွာတွင်း ကွန်ကရစ်သို့အဆင့်မြှင့်တင်ခြင်း | ဒုတိယ |
| ၃ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | စာသင်ကျောင်းအတွင်း ဂါလံ(၂၀၀၀)ဆံ့ ရေစုကန်တည်ဆောက်ခြင်းပ်ခြင်း | တတိယ |
| ၄ | လူငယ် | စာကြည့်တိုက် | စာကြည်တိုက်ဆောက်လုပ်ခြင်း | |

## ကျောက်ကမ်းဖဲကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | ဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ပညာအရည်အချင်း | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးကျော်လင်း | ဦးငွေချစ် | ၆/ပလန(နိုင်) ၀၄၃၇၆၅ | ၅၆ | နယက | ၇-တန်း | ၀၉-၄၀၁၁၁၈၇၁၃ |
| ၂ | ဦးမြင့်ဟုန် | ဦးညွန့်ရှိန် | ၆/ပလန(နိုင်) ၀၆၈၉၇၄ | ၅၂ | ဥက္ကဌ | ၁၀-တန်း | ၀၉-၄၂၂၂၂၁၄၁၆ |
| ၃ | ဒေါ်အေးသန်း | ဦးအောင်ကြင် | ၆/ပလန(နိုင်) ၀၁၀၉၀၆ | ၅၄ | အတွင်းရေးမှူး | B.A myan | - |
| ၄ | ဒေါ်မြင့်ရီ | ဦးဘရှုပ် | - | ၄၅ | စာရင်းကိုင် | ၅-တန်း | - |
| ၅ | ဦးသိန်းဖြိုး | ဦးအိုထွေး | ၆/ပလန(နိုင်) ၀၈၇၇၃၉ | ၃၆ | အဖွဲ့ဝင် | B.A Math | - |
| ၆ | ဦးလှသိန်း | ဦးညွန့်မောင် | ၆/ပလန(နိုင်) ၀၆၀၀၉၃ | ၅၅ | အဖွဲ့ဝင် | ၅-တန်း | - |
| ၇ | ဦးစိုးမြင့် | ဦးချစ်လှိုင် | - | ၅၆ | အဖွဲ့ဝင် | ၄-တန်း | - |
| ၈ | ဦးအောင်ဝင်း | ဦးအောင်မဲ | - | ၄၅ | အဖွဲ့ဝင် | ၄-တန်း | - |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၂ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၃ | ၁၇ | ၄၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၂၉ | ၅၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၃၅ | ၅၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၅ | ၁၀၇ | ၂၁၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၂၄ | ၄၅ |
| **စုစုပေါင်း** | | **၁၈၇** | **၂၁၉** | **၄၀၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၇၅** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ကျောက်ကမ်းဖဲကျေးရွာတွင် အိမ်ထောင်စု (၇၅) စု၊ လူဦးရေ (၄၀၆) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့အရွယ် (၀.၅၇%)၊ ငါးနှစ် အောက် ကလေးငယ်အရွယ် (၇.၆၉%)၊ မူလတန်းကျောင်းသား အရွယ် (၁၀.၀%)၊ အလယ်တန်း ကျောင်းသားအရွယ် (၁၃.၂၆%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၅၉.၈၀%) ၊သက်ကြီးရွယ်ကြီး (၈.၆၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၄၀.၁၉)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၅၄) ဦး၊ မ (၁၅၇) ဦး စုစုပေါင်း (၃၁၁) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၄.၈၉)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၈၉) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ် ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ နည်းပါးသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်း အမြစ် နည်းပါးပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၄၃ | - | မြင့်☐လတ်☑နိမ့်Â |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅၅ | | မြင့်☐လတ်☑နိမ့်☐ |
| | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၆ | ၂၀ | ၈၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၁၀ | မြင့်☐လတ်☑နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁၇ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်☐လတ်☑နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၅ | မြင့်☐လတ်☑နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | **၇၅** | **၁၃၉** | **၉၆** | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျောက်ကမ်းဖဲကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက် ပျိုးရေးလုပ်ငန်း(လယ်၊ဥ ယျာဉ်၊နှစ်ရှည်)များ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးကိုယ်ပိုင်လုပ်ကိုင် သည့်အိမ်ထောင်စု (၁၀)စုနှင့်အလုပ်သမားကျဘမ်းလုပ်ကိုင်သည့်အိမ်ထောင်စု(၅)စုရှိပြီး ရေလုပ်ငန်းကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စု(၅၆)စု၊ လက်သမားလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၁)စု၊ အရောင်းအဝယ်ပြုလုပ်သည့်အိမ်ထောင်စု(၁)စုနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် ဝန်ထမ်းအဖြစ်အလုပ်လုပ်ကိုင်နေသည့် အိမ်ထောင်စု(၂)စုရှိပါသည်။ ၎င်းကျေးရွာတွင် ပြည်တွင်းပြည်ပ လုပ်ကိုင်သူများလည်းရှိပါသည်

## ၁-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၅၀၀၀ | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ကျောက်ကမ်းဖဲကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းခွင် ၊ပန်းရံလုပ်ငန်း၊ လက်လီလက်ကာရောင်းဝယ်သူများနှင့် ရာဘာလုပ်ငန်းခွင်တွင် လုပ်ကိုင်သူများ ဖြစ်ကြသည်။ ကျား -မလုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။ ကျေးရွာတွင် လယ်၊ ဥယျာဉ်ခြံ (နှစ်ရှည်၊ရာသီပေါ်)၊တံငါ၊နှင့် တနိုင်တပိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ထိုင်းနိုင်ငံ သို့ သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ ရာဘာချက်လုပ်ငန်းတွင် (၁)လဝင်ငွေ (၉၀၀၀၀) ကျပ်ရရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၀၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၀၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၃၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၃၀** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) အါလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ကမ်းဖဲကျေးရွာတွင် မိုးစပါးကိုအဓိကစိုက်ပျိုးပါသည်။ ဥယျာဉ်ခြံ လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

## (ဂ-၂) ခတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိÂ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်းÂ မရှိ | လွယ်☐ ခက် Â အသုံးမပြုနိုင်ပါ |
| သဘာဝ အပင်မျိုးစိတ်များ | များ☐ သင့်Â နည်း☐ မရှိ☐ | လွယ်☐ ခက်Â အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | | |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များÂ သင့်☐ နည်း☐ မရှိ ☐ | ☒ |

ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ကမ်းဖဲကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ ဆေးဖက်ဝင်ပင်များဖြစ်သည့် ဂျာမနီ၊ လောက်သေပင်၊ ဆင်ထုံး မန္တယ်၊ စသည်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်ပင် များပေါက်ရောက်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၄** | **၂၂** | **၃၀** | **၁၉** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ကမ်းဖဲကျေးရွာအခြေအနေအား ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ သိရှိခဲ့ရပါ သည်။ကျောက်ကမ်းဖဲ ကျေးရွာ တွင် အဆင့်(၃) မပြေလည်သောအိမ်ထောင်စုများပြားပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၃ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ____၃_______<br>ချေးယူ = ____၁၀_______<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၇ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____၄______<br>လုပ်အားခကြိုယူ = _____၃______ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၅ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ____၃_______<br>လုပ်အားခကြိုယူ = ____၂_______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျောက်ကမ်းဖဲကျေးရွာတွင် ဥစ္စာဓန စစ်တမ်းကောက်ယူမှုအရ ။မပြေလည်သောအိမ်ထောင်စု(၅၇.၈၄%) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၁၇.၇၅%)၏ (၃၀%) ဝမ်းစာဖူလုံမှု စစ်တမ်းကောက်ယူမှုအရ အဆင့်(၃)နှင့်(၄)သည် ရာဘာလုပ်အားခ ကြိုယူခြင်းနှင့် အတိုးဖြင့်ချေးယူ၍ အခက်အခဲများကိုဖြေရှင်းကြပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ကမ်းဖဲကျေးရွာတွင် အထူးကူညီစောင့်ရှောက်မှုအဖွဲ့မရှိပါ။ အများအားဖြင့် အချင်းချင်းကူညီစောင့်ရှောက်ခြင်းများဖြင့် ရပ်ရွာ၏ အရေးပေါ်ကိစ္စများကို တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် □ လတ် Â နိမ့် □ မရှိ □ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၃ | ရေကြီးခြင်း | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၄ | မိုးခေါင်ခြင်း | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၅ | အအေးလွန်ကဲခြင်း | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၆ | မုန်တိုင်း | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၇ | လျှော် | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၈ | မီးဘေး | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် Â လတ် □ နိမ့်□ မရှိ □ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၃ | တီဘီရောဂါ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် □ လတ် □ နိမ့်□ မရှိ Â |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ကမ်းဖဲကျေးရွာတွင် နေ့စားကျပန်းရေလုပ်သား လုပ်ကိုင်သော အိမ်ထောင်စုများပြီး စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ဆန်စပါး အထွက်နည်း သဖြင့် တချို့အိမ်ထောင်စုများသည် ဆန်ဝယ်ယူစားသုံးရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် နိမ့် Â မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် Â နိမ့် မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် Â နိမ့် ☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် Â နိမ့် မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိÂ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ကမ်းဖဲကျေးရွာတွင် ဆွေမျိုးများဖြင့် ရွာတည်ထားသောကြောင့် စည်းလုံးညီညွတ်ကြပါသည်။သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဝိုင်းဝန်းဖြေရှင်းကြပါသည် သို့သော်ငွေကြေးအရင်းအနှီးမလုံလောက်သော ဆင်းရဲသား တောင်သူ များအဖို့ ထိခိုက်မှုရှိပါသည်။ ရွာဝင်လမ်းမှလွဲ၍ အနိမ့်ပိုင်းတွင်ရှိသော လမ်းများလမ်းအများစုမှာ မိုးရာသီတွင်

ရေလွှမ်းမိုးမှုရှိပါသည်။ ထို့အပြင်ကျေးရွာအတွင်း သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များမရှိပါ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

## (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ ခ်ုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဘုံနန်းလူငယ်အဖွဲ့ (သကြ်န်) | ၁□ ၂□ ၃Â | ၃၀ | ၃၀ | ၆၀ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း Â<br>သင့် □<br>ညံ့ □ |
| ၂ | ဓမ္မကာရီအဖွဲ့ ဗုဒ္ဓဘာသာ | ၁□ ၂□ ၃Â | - | ၃၀ | ၃၀ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း Â<br>သင့် □<br>ညံ့ □ |
| ၃ | ရပ်မိရပ်ဖ | ၁ Â ၂ Â ၃ Â | ၁၀ | - | ၁၀ | ပညာရေး Â ငွေကြေး Â<br>ကျန်းမာရေး Â ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး Â<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး Â | ကောင်း □<br>သင့် Â<br>ညံ့ □ |
